# ဒီမိုကရေစီ ဖတ်စာ - Dr. Jerry Dean Epps

ကျောင်းသူ/ကျောင်းသားတွေ အတွက် ဒီမိုကရေစီ အကြောင်း ကို ပုံပြင်လေးနဲ့ ပြောထားတဲ့ The Democracy ဆိုတဲ့ စာအုပ်ပါ။
ဒီစာအုပ်ကို ရေးသားတဲ့ Dr. Jerry Dean Epps, (Ph. D. in Human Services, M.A. in Sociology, B.A. in education) ဟာ အမေရိကန်မှာ နေထိုင်ပြီး တက္ကသိုလ် ဆရာ လဲ ဖြစ်၊ အတိုင်ပင်ခံပညာရှင် လဲ ဖြစ်ပါတယ်။
သူဟာ အမေရိကန် က 9/11 ဖြစ်ရပ် အပြီးမှာ အဲဒီလို အကြမ်းဖက်မှုမျိုးတွေကို ဘယ်လို ရပ်အောင် လုပ် ရမလဲဆိုတာကို စဉ်းစားရင်း ဒီစာအုပ်ကိုရေး ခဲ့ပါတယ်။
သူ့ရဲ့ ယုံကြည် ချက် ကတော့ လူတွေဟာ

- ကိုယ့်နေတဲ့နေရာမှာ ကောင်းကောင်းရှင်သန်ခွင့် ရခဲ့ရင်၊
- ငွေကြေးအတွက် မပူပင်ရရင်၊
- ကိုယ့်စိတ်ဆန္ဒတွေကို ဖော်ထုတ်ခွင့် ရနေခဲ့ရင်၊
- နိုင်ငံရေးမှာ လွတ်လပ်ခွင့် ရနေခဲ့ရင်

အဲဒီလူတွေဟာ အကြမ်းဖက်မှုတွေမှာ ပါဝင်ဖို့ စိတ်ကူးမှာ မဟုတ်ပါဘူး။

ပြည်သူအများမှ အပြောင်းအလဲကို လိုလားရန်သာ အဓိက ဖြစ်ပါတယ်။ ဒီအပြောင်းအလဲက ကောင်းကျိုးရလာဒ်တွေကို တကမ္ဘာလုံးမှာ ခံစားနိုင်ပါလိမ့်မယ်။ ရက်စက်ကြမ်းကြုတ်တဲ့ အာဏာရှင်တွေကို ဒီမိုကရေစီစနစ်က အစားထိုးပါလိမ့်မယ်။ ဒီအတွက် ဒီစာအုပ်ကို ကမ္ဘာအနှံ့မှာရှိတဲ့ ကျောင်း သူ/သားတွေ ဖို့ သူက အလကား ဖြန့်ဝေ ပေးခဲ့ပါတယ်။

လူသားအားလုံး အဖိနှိပ်ခံဘဝ မှ လွတ်မြောက်ရေး အတွက် ဒီစာအုပ်ကို သူရေးပြီး ဖြန့်ဝေ ခဲ့တာပါ။ မူရင်း စာအုပ်ကို လိုချင်ရင် http://www.teachdemocracy.org/ မှာ ရယူနိုင်ပါတယ်။ ဒီအထဲက စာများကို ဖြန့်လိုပါက Dr. Jerry Dean Epps ကို စာရေးသူ အဖြစ် ဖော်ပြပေးဖို့ မမေ့ကြစေရန် ကိုလဲပန်ကြားပါတယ်။

အမှားအယွင်း ရှိခဲ့ပါက ဘာသာပြန်သူ ရဲ့ အပြစ်သာဖြစ်ပါတယ်။
ဒီ ဘာသာပြန်၏ မူရင်း Post မှာ http://mandalaygazette.com/ မှဖြစ်ပါသည်။
ဒီမိုကရေစီ ဖတ်စာ (၁) http://mandalaygazette.com/107296/society-lifestyle
ဒီမိုကရေစီ ဖတ်စာ (၂) http://mandalaygazette.com/107631/society-lifestyle
ဒီမိုကရေစီ ဖတ်စာ (၃) http://mandalaygazette.com/107648/society-lifestyle

# နိဒါန်း

**ကျွန်တော့ သူရဲကောင်းများ သို့**

လွတ်မြောက်ရေး အတွက် သတ္တိရှိရှိ ရပ်တည်ပေးခဲ့သူများ အားလုံးသို့ ......
တစ်ချို့က စစ်မြေပြင်မှာ
တစ်ခြားသူတွေက
လူအခွင့်အရေး တိုက်ပွဲ တွေမှာ
တစ်ချို့က သူတို့တိုင်းပြည်အတွက်
တစ်ခြားသူတွေက သူတို့အဖွဲ့အစည်း အတွက်
ရပ်တည်ပေးခဲ့ကြတယ်။
ဘယ်နေရာမှာ မဆို
မနှစ်မျို့ဖွယ်ရာ
ဖိနှိပ်ချုပ်ချယ်မှုတွေ ဖြစ်တိုင်း
အဲဒီမှာရဲဝံ့တဲ့ စိတ်ဓာတ်ရှိသူတွေဟာ
အဲဒါတွေကို စိန်ခေါ်ပြီး
လွတ်လပ်မှုအတွက် အဖြေရှာခဲ့ကြတယ်။
ကျွန်တော် သူတို့ကို ဦးညွှတ်ပါတယ်။
သူတို့ဟာ မိန်းမဖြစ်ချင်ဖြစ်မယ်။
ယောကျာ်းဖြစ်ချင်ဖြစ်မယ်။
စစ်သားဖြစ်ချင်ဖြစ်မယ်။
အရပ်သားဖြစ်ချင်ဖြစ်မယ်။
ကျွန်တော့ နှလုံးသားထဲ မှာတော့ သူတို့ဟာ သူရဲကောင်း တွေပါဘဲ။

တစ်ချို့က အဲဒီအဖြေကို သူတို့ဘဝ၊အသက်သွေးတွေ ပေးဆပ်ပြီး ရှာပေးခဲ့တာပါ။ တစ်ချို့ကတော့ ရက်စက်ယုတ်မာလှတဲ့ အုပ်ချုပ်သူတွေရဲ့ အာဏာပြဖိနှိပ်ခြင်းတွေကို ဖယ်ရှားဖို့ သူတို့ဘဝကို စတေးခဲ့ရပါတယ်။ သူတို့တွေကို ဒီစာအုပ်နဲ့ ဂုဏ်ပြုလိုက်ပါတယ်။

သမိုင်းတစ်လျှောက်လုံးမှာ ဒီသူရဲကောင်း တွေဟာ လွတ်လပ်ခြင်းအတွက် မားမား မတ်မတ် ရပ်တည်ပေးခဲ့ကြပါတယ်။ အခုချိန်မှာတော့ ဒီစိမ်ခေါ်မှုတွေကို ဖြေဆိုပေးဖို့ အတွက် ကျွန်တော်တို့ ရဲ့အလှည့်ပါဘဲ။ ပိုပြီး ကောင်းမွန်တိုးတက်တဲ့ လွတ်လပ်မှု အတွက် ကျွန်တော် ဒီစာအုပ်ကို မျှဝေပါတယ်။ ဒီကနေ ကမ္ဘာတဝှမ်း ဒီမိုကရေစီ ပြန့်နှံ့စေရန် အထောက်အပံ့ ဖြစ်စေမယ် လို့မျှော်လင့်ပါတယ်။ ဒီစာအုပ်ရဲ့ ဖြစ်စဉ်အဆင့်ဆင့် မှာ ကူညီပေးသူအားလုံးကိုလဲ ကျွန်တော် ဂုဏ်ပြုပါတယ်။ ကျွန်တော့ဇနီး နဲ့ ဒီ Project

ပြီးမြောက်အောင် တိုက်တွန်းအားပေး ပံ့ပိုးပေးသူ မိတ်ဆွေများကိုလဲ အထူး ကျေးဇူးတင်ပါတယ်။

Jerry Dean Epps, Ph.D.
Marietta, Georgia, USA

# မာတိကာ

အခြေခံသဘော (၁) - ဒီမိုကရေစီနည်းကျ အခြေခံဥပဒေကို တန်ဖိုးထားသော လွတ်လပ်မှုဖြင့် နေထိုင်ရသော ဘဝသည် ပို၍ကောင်း၏။ ...... 6
အခြေခံသဘော (၂) - လူတိုင်း ညီတူညီမျှ ဖြစ်သည်။ ...... 6
အခြေခံသဘော (၃) - လူတိုင်း အရေးကြီး သည်။ ...... 7
အခြေခံသဘော (၄) - တစ်ခြားသူများကို မထိခိုက်သမျှကာလပါတ်လုံး မိမိဘဝကို နှစ်သက်သလို နေထိုင်နိုင်သည်။ ...... 8
အခြေခံသဘော (၅) - မဲဆန္ဒဖြင့် ဆုံးဖြတ်ချက်များကို ပြုလုပ်သည်။ ...... 9
အခြေခံသဘော (၆) - အရွယ်ရောက်သူတိုင်း မဲ တစ်ပြား ပေးခွင့်ရှိသည်။ ...... 9
အခြေခံသဘော (၇) - မဲ အများစုရသူ အနိုင်ရသည်။ ...... 10
အခြေခံသဘော (၈) - လူအများစု၏မဲဆန္ဒဖြင့် ပြဌာန်းသည့် ဥပဒေ ကို မကြိုက် သော်လည်း လိုက်နာရမည်။ ...... 11
အခြေခံသဘော (၉) - ပြည်သူများမှ ဥပဒေ ပြုသူများ နှင့် စီမံခန့်ခွဲသူ များကို ရွေးကောက်ပွဲ တွင် မဲပေး၍ရွေးချယ် သည်။ ...... 13
အခြေခံသဘော (၁၀) - ဥပဒေပြုသူများ နှင့် စီမံခန့်ခွဲသူများသည် ပြည်သူများကို ကိုယ်စားပြုသည်။ သူတို့ကိုယ်သူတို့ ကိုယ်စားမပြု။ ...... 14
အခြေခံသဘော (၁၁) - လူတိုင်းအတွက် အခြေခံအခွင့်အရေးများကို အာမခံချက် ရှိသည်။ လူအများစု၏ မဲဆန္ဒဖြင့် အခြေခံအခွင့်အရေး များကို ရုပ်သိမ်းခွင့်မရှိ။ ...... 15
အခြေခံသဘော (၁၂) - ဘာသာရေးမှ ဥပဒေကို မသတ်မှတ်နိုင်။ ပြည်သူများမှသာ ဥပဒေ ကိုသတ်မှတ်နိုင်သည်။ ...... 16
အခြေခံသဘော (၁၃) - မိမိယုံကြည်ရာဘာသာကို ကိုးကွယ်ခွင့် အား ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် အာမခံချက် ပေးသည်။ ဥပဒေပြုသူများမှ မည်သည့်ဘာသာကို ပြည်သူများ ကိုးကွယ်ရမည်ဟုမသတ်မှတ်နိုင်စေရ။ ...... 17
အခြေခံသဘော (၁၄) - ရွေးချယ်တင်မြှောက်ခံထားရသည့် ဥပဒေ ပြုသူများ နှင့် စီမံခန့်ခွဲသူများ မှ စစ်တပ် ကို လမ်းညွှန်မှု ပေးသည်။ ...... 18
အခြေခံသဘော (၁၅) - ရွေးချယ်ခံထားရသည့် ဥပဒေပြုသူများမှအပ အခြား မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကမျှ ဥပဒေ မပြဌာန်းနိုင်စေရ။ ...... 19
အခြေခံသဘော (၁၆) - ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများကို မဆန့်ကျင်ပါက ပုဂ္ဂလိကအဖွဲ့အစည်း များသည် အထူးလုပ်ဆောင် ပိုင်ခွင့် များ ရရှိနိုင်သည်။ ...... 20
အခြေခံသဘော (၁၇) - နိုင်ငံတော် အတွက် လုပ်ငန်းများလုပ်ဆောင်ရန်နှင့် ဆုံးဖြတ်ချက်များချရန် စီမံခန့်ခွဲသူများကို ရွေးချယ်တင်မြှောက်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်ဆောင်ရမည်။ ထိုသို့ လုပ်ဆောင်ခြင်းရှိ/မရှိ တရားသူကြီးများမှ ကြီးကြပ် ရမည်။ ...... 21

အခြေခံသဘော (၁၈) - နိုင်ငံရေးပါတီများမှ ကွဲပြားခြားနားသော နိုင်ငံရေးရှုထောင့်များကို ကိုယ်စားပြုသည်။ ပြည်သူများသည် မိမိ ကြိုက်နှစ်သက်ရာ နိုင်ငံရေးပါတီ ကို ထောက်ခံနိုင်သည်။ ........ 22

## *အခြေခံသဘော (၁) - ဒီမိုကရေစီနည်းကျ အခြေခံဥပဒေကို တန်ဖိုးထားသော လွတ်လပ်မှုဖြင့် နေထိုင်ရသော ဘဝသည် ပို၍ကောင်း၏။*

ပြည်သူ လူထု များ သည် လွတ်လပ်ခြင်း ကို နှစ်သက်သည်။ အလုပ်လုပ်ရာ၊ ဈေးဝယ်ရာ၊ ပညာသင်ရာ တွင် ဒီမိုကရေစီစနစ်ဖြင့် နေထိုင်ရခြင်းကို နှစ်သက်သည်။ အခြားသူတစ်ဦးမှ မိမိကို ဘာလုပ် ဟုစေခိုင်းခြင်း မပြုနိုင်ပါ။
အကယ်၍ တစ်ယောက်ယောက်က ဘာလုပ်လို့ စေခိုင်းတာကို နှစ်သက်ပါ သလား?
စစ်သားတွေ ညအချိန်မတော်လာပြီး ကိုယ့်ကိုခေါ်သွားမလားလို့ စိုးရိမ်စရာ မလိုတာကို ပြည်သူများက လိုချင်ပါသည်။
တကယ်လို့ စစ်သားတွေကမိသားစုထဲက တစ်ယောက်ယောက်ကို အဲဒီလို ခေါ်သွားခဲ့ရင် ဝမ်းနည်း ဒေါသဖြစ်မှာ မဟုတ်လား?
ပြည်သူများက သူတို့ရဲ့ခေါင်းဆောင်ကို သူတို့ ရွေးချယ်ပိုင်ခွင့်ရှိတာကို လိုချင်ကြပါသည်။ ပြည်သူများသည် သူတို့ကို တရားဥပဒေနှင့် အကာအကွယ် ပေးထားခံရတာကို နှစ်သက်ကြပါသည်။ ထို့ကြောင့် ပြည်သူများသည် ဒီမိုကရေစီစနစ်နှင့် နေထိုင်ခွင့်ရတာကို ပျော်ရွှင်ကြပါသည်။ အလုပ်သမား၊ ကုန်သည်၊ ကျောင်းသူ/ကျောင်းသား အပါအဝင် ပြည်သူအားလုံး၏ ဘဝများသည် ဒီမိုကရေစီစနစ်တွင် နေထိုင်၍ပိုကောင်းပါသည်။

## *အခြေခံသဘော (၂) - လူတိုင်း ညီတူညီမျှ ဖြစ်သည်။*

တစ်ခြားသူတွေ နှင့် မတူဘဲကွဲပြားခြင်းသည် ဒီမိုကရေစီစနစ်တွင် ပြဿနာမဟုတ်ပါ။ လူတိုင်း ညီတူညီမျှ ဖြစ်ပါသည်။
မွေးရာပါ မသန်မစွမ်းဖြစ်၍ ဘီးတပ်ကုလားထိုင် သုံးရကောင်း သုံးရမည်။ အာဖရိကန်နွယ်ဖွား အမေရိကန်ဖြစ်၍ အသားမဲကောင်း မဲမည်။
ဒေသခံအမေရိကန်ကလေး တစ်ယောက်ကိုကြည့်ပါ။ သူ၏ အခြားသူများနဲ့မတူ ကွဲပြားသော ဘာသာရေးကို လူတစ်ချို့မှ ရီစရာလုပ်ကောင်း လုပ်မည်။
ဒီမိုကရေစီစနစ်တွင် "သူဟာအသားမဲလို့ ငါတို့နဲ့ ညီတူညီမျှမဟုတ်ဘူး။ သူမဟာ မသန်စွမ်းလို့ ငါတို့နဲ့ ညီတူညီမျှမဟုတ်ဘူး။"လို့ မပြောရပါ။
နေရောင်ခြည်သည် ပြည်သူအားလုံးကို ညီတူညီမျှ အလင်းရောင်ပေးပါသည်။ အကြောင်း တစ်ခုခု နှင့် ကွဲပြား နေ သည်ကို ဂရုမစိုက်ပါ။
ဒီမိုကရေစီ စနစ်တွင် အကြောင်းတစ်ခုခု နှင့် ကွဲပြားခြားနား သော်လည်း လူတိုင်းသည် ညီတူညီမျှ ဖြစ်ပါသည်။ မည်သည့်ဘာသာ ကိုးကွယ်သည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ မည်သည့်အသား အရောင် ဖြစ်စေ၊ ကျားမ မခွဲ၊ သန်စွမ်းခြင်း ရှိမရှိ မခွဲ၊ လူသား တိုင်းသည် ဒီမိုကရေစီ စနစ်တွင် သာတူညီမျှဖြစ်ပါသည်။

## *အခြေခံသဘော (၃) - လူတိုင်း အရေးကြီး သည်။*

ကမ္ဘာမြေကြီးပေါ်တွင် မွေးဖွားလာသော လူသားတိုင်းသည် အရေးကြီးပါသည်။ အကြောင်းမှာ လူသားအားလုံးတွင် လူ့အဖွဲ့အစည်းကို အကျိုးပြုပေးနိုင်သော အကြောင်း တစ်စုံတစ်ရာကို ပိုင်ဆိုင်ကြ၍ ဖြစ်ပါသည်။
အကယ်၍ မိမိပိုင်ဆိုင်သော ပင်ကိုယ်စွမ်းရည်နှင့် တွေးခေါ်မှုများကို မဝေမျှပါက လူ့အဖွဲ့အစည်းသည် ထိုအရာများကို အသုံးချနိုင်မည်မဟုတ်ပါ။ ထိုသို့ဆိုလျှင် ဝမ်းနည်းစရာ ဖြစ်ပါလိမ့်မည်။
လူအများသည် ကွဲပြားခြားနားကြပါသည်။ ဒေသခံအမေရိကန်ကလေးသည် ဘီးတပ်ကုလားထိုင်ပေါ်မှ မိန်းကလေးနှင့် မတူပါ။ ထိုကဲ့သို့ကွဲပြားနေခြင်းသည် လူ့အဖွဲ့အစည်းကို ပိုမို၍သန်စွမ်းခိုင်မာစေပါသည်။ အကြောင်းမှာလူတစ်ယောက်တွင် မရှိသောအရည်အချင်းကို ကျန်တစ်ယောက်မှ ဖြည့်ဆည်းပေးနိုင်၍ ဖြစ်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် ကွဲပြားခြားနားနေသောကြောင့် လူတိုင်းတွင် မတူညီသော အရာများကို ပေးနိုင်စွမ်းရှိကြသည်ကိုသတိရပါ။
ထိုကဲ့သို့တန်ဖိုးရှိသော ကွဲပြားခြားနားခြင်းများကို လက်လွှတ်ဆုံးရှုံးစေရန် မသင့်ပါ။ ထိုကဲ့သို့ကွဲပြားနေခြင်းသည် လူ့အဖွဲ့အစည်းကို ပိုမို၍သန်စွမ်းခိုင်မာစေပါသည်။ အာဖရိကန်နွယ်ဖွား အမေရိကန်တစ်ယောက်၌ ဒေသခံအမေရိကန်တစ်ယောက် နှင့် မတူသော အကြံတစ်ခုရှိမည်ဟု ထင်ပါသလား?
သေချာပါသည်။ ရှိကိုရှိပါသည်။ သူတို့၏ဘဝများသည် ကွဲပြားခြားနားပါသည်။ သူတို့၏ အတွေ့အကြုံများသည်လည်း မတူညီကြပါ။ ထို့အတူ ဘီးတပ်ကုလားထိုင်ပေါ်မှ မိန်းကလေး၏ အတွေ့အကြုံသည်လည်း ဘီးတပ်ကုလားထိုင်မလိုသော တစ်ခြားသူ တစ်ဦး၏ အတွေ့အကြုံနှင့် ကွဲပြားပါသည်။
လူသားတစ်ဦးချင်း၏ အရေးကြီးမှုတွင် အခြားအကြောင်းပြချက်တစ်ခု ရှိပါသေးသည်။ အကြောင်းမှာ လူသားအားလုံး၌အလွန်အဖိုးတန်သော "ခံစားချက်များ၊ မျှော်လင့်ချက်များ နှင့် အိမ်မက်များ" ရှိကြ၍ဖြစ်ပါသည်။ ထိုသို့ "ခံစားချက်များ၊ မျှော်လင့်ချက်များ နှင့် အိမ်မက်များ"ရှိခြင်းသည်ပင်လျှင် လူသားဖြစ်ခြင်း၏ အစိတ်အပိုင်းများဖြစ်ပါသည်။
အာဖရိကန်နွယ်ဖွားအမေရိကန် တစ်ယောက်သည်လဲ ကောင်းမွန်သောဘဝကို လိုချင်မည်ဟု ထင်ပါသလား? သူ့မှာရော"ခံစားချက်များ၊ မျှော်လင့်ချက်များနှင့် အိမ်မက်များ" ရှိနေမှာလား? ဒေသခံအမေရိကန်တစ်ယောက် မှာရော? သူ့မှာရော "ခံစားချက်များ၊ မျှော်လင့်ချက်များနှင့် အိမ်မက်များ" ရှိနေမှာလား? ဘီးတပ်ကုလားထိုင်ပေါ်မှ မိန်းကလေးသည်လဲ မိန်းကလေးဖြစ်လို့ အရေးမကြီးတော့ဘူးတဲ့လား? သူ့မှာလဲ ခံစားချက်ရှိပါသည်။

ဘီးတပ်ကုလားထိုင်နဲ့မို့ သူမသည် အရေးမကြီးတော့ဘူးတဲ့လား? ဘီးတပ်ကုလားထိုင်နဲ့ အခြားမသန်မစွမ်းသူတွေမှာရော မျှော်လင့်ချက်နဲ့ အိမ်မက်များမရှိကြတော့ဘူးလား?သူမ သည် ဒုက္ခိတဖြစ်သော်ငြားလည်း တစ်ခြားသူတွေလိုဘဲအရေးကြီးသူဖြစ်ပါသည်။
အကြောင်းမှာ သူမသည် လူသားတစ်ယောက်ဖြစ်နေ၍ ဖြစ်ပါသည်။ လူတစ်ယောက်သည် တစ်ခြားတစ်ယောက်ထက်ပိုပြီး အရေးကြီးသည်ဟု မရှိပါ။
လူတစ်ယောက်သည် တစ်ခြားတစ်ယောက် နှင့် ကွဲပြားခြားနားပါသည်။ လူတစ်ဦးချင်းစီမှာ “ခံစားချက်များ၊ မျှော်လင့်ချက်များနှင့် အိမ်မက်များ” ရှိပါသည်။ ဒီမိုကရေစီစနစ်တွင် လူတိုင်းသည် အရေးကြီးသူ ဖြစ်ပါသည်။
နေမင်းကြီး သည် ပြည်သူအားလုံးကို အလင်းရောင်ပေးပါသည်။

## *အခြေခံသဘော (၄) - တစ်ခြားသူများကို မထိခိုက်သမျှကာလပါတ်လုံး မိမိဘ၀ကို နှစ်သက်သလို နေထိုင်နိုင်သည်။*

ကလေးတစ်ယောက် ပန်းပင်စိုက်နေခြင်းသည် သူပျော်တာကိုလုပ်နေခြင်း ဖြစ်ပါသည်။ သူမပန်းပင်စိုက်နေခြင်းသည် ဘယ်သူ့ကိုမှမထိခိုက်ပါ။ ဒီမိုကရေစီစနစ်တွင် နေထိုင်ခြင်းကြောင့် သူမအပင်စိုက်တာကို အစိုးရဆီမှာ ခွင့်တောင်းစရာမလိုပါ။ အစိုးရအဖွဲ့ထဲက တစ်ဦးတစ်ယောက်က သူမကိုမကြိုက်ပါကလဲ သူမပန်းဆက်စိုက်နေလို့ရပါသည်။ ပန်းပင်စိုက်ခြင်းသည် တစ်ခြားတစ်ယောက်ကို မထိခိုက်ပါက သူမကြိုက်သလို စိုက်နိုင် ပါသည်။
အချို့နိုင်ငံများတွင် - လက်သမားဖြစ်သော်လည်း မိမိအိမ်ကိုမိမိ ဆောက်နိုင်ရန် အစိုးရအဖွဲ့ထဲ၌ အသိမိတ်ဆွေရှိရပါမည်။ မရှိပါက မိမိအိမ်ကိုမိမိ ဆောက်နိုင်ရန်အခွင့်မရှိပါ။ဒီမိုကရေစီစနစ်မှာ ဆိုလျှင်တော့ တစ်ဦးတစ်ယောက်ကို မထိခိုက်လျှင်၊ အခွန်ရာယ်ကင်းလျှင် ကိုယ်ကြိုက်ရာ အလုပ်ကို လုပ်နိုင်ပါသည်။
ဆရာ၀န်ဆိုတာ တစ်ဦးတစ်ယောက်ကို ထိခိုက်စေနိုင်ပါသလား? မထိခိုက်စေနိုင်ပါ။
ထို့ကြောင့်လူတစ်ယောက်သည် ဆရာ၀န်ပညာကို ဆည်းပူးနိုင်သည်။ စာမေးပွဲများ အောင်ရမည် ။ ပြီးလျှင်ဆရာ၀န်အဖြစ် ပျော်နေနိုင်သည်။ မည်သူကမျှ မင်းဆရာ၀န် မလုပ်ရလို့ မပြောနိုင်ပါ။
တစ်ခြားသူတွေကို မထိခိုက်သမျှ စိတ်ကြိုက်ဘာသာရေး ကို ကိုးကွယ်နိုင်သည်။ တစ်ခြားသူတွေကို မထိခိုက်သမျှ နှစ်သက်တဲ့ ဘာသာစကားကို ပြောဆိုနိုင်သည်။ ဒီမိုကရေစီစနစ်တွင် တစ်ခြားသူတွေကို မထိခိုက်သမျှ သဘောကျ နေထိုင်ခွင့်ရှိပါသည်။

## အခြေခံသဘော (၅) - မဲဆန္ဒဖြင့် ဆုံးဖြတ်ချက်များကို ပြုလုပ်သည်။

တစ်ခါတစ်ရံ ဘာလုပ်ရမလဲဆိုတာကို ဆုံးဖြတ်ဖို့ အတော်ခက်တတ်ပါသည်။
တစ်နေ့ စာသင်ခန်းထဲက ကလေးတွေမှာတစ်ချို့က ဘော်လုံးကစားချင်သည်။ တစ်ချို့က ခုံတပ်ဆောက်တမ်း ကစားချင်သည်။
တစ်ချို့က အဲဒါတွေမလုပ်ဘဲ လမ်းလျှောက်ပြီးစိတ်ဝင်စားစရာ ပိုးကောင်လေးတွေ ဖမ်းချင်သည်။
ဆရာက အတန်းတစ်တန်းလုံး စုပြီး တစ်ခုပဲလုပ်ရမည် ဟုပြောသည်။ သူတို့ ဘယ်လိုဆုံးဖြတ်ကြမလဲ?
အတန်းထဲက ချမ်းသာတဲ့ကလေးတွေ ကစားချင်တာကို အားလုံးက လိုက်ပြီး ကစားရမလား? လက်သီးထိုးပြီး နိုင်တဲ့သူက ကစားချင်တာကို အားလုံးကလိုက်ပြီး ကစားရမလား? အတန်းထဲက အသက်အကြီးဆုံး (သို့မဟုတ်) အတော်ဆုံး ကလေးက ကစားချင်တာကို အားလုံးကလိုက်ပြီး ကစားရမလား?
အထက်ပါနည်းများမှ မည်သည့်ရွေးချယ်နည်းကို အကြိုက်ဆုံးဖြစ်ပါသလဲ? အများအားဖြင့် ဆိုလျှင် ပိုက်ဆံအရှိဆုံးသူ၊ အတော်ဆုံးသူ၊ လက်သီးထိုးအကောင်းဆုံးသူများမှ ဆုံးဖြတ်ခြင်းကို လက်ခံချင်စိတ်ရှိကြမည်မဟုတ်ပါ။
ဒီမိုကရေစီစနစ်တွင် ဆုံးဖြတ်ချက်ချစရာရှိပါက မဲဆန္ဒပေး၍ ဆုံးဖြတ်ချက်ချကြပါသည်။
ထိုသို့မဲပေး၍ ဆုံးဖြတ်ချက်ချသောအခါတွင် သွေးထွက်သံယိုမှုများကို ရှောင်ရှားနိုင်ပါသည်။ ပြည်သူများအားလုံး၏ အသံကိုကြားနိုင်ပါသည်။
ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် မဲဆန္ဒဖြင့် ဆုံးဖြတ်ချက်များကို ပြုလုပ်ပါသည်။

## အခြေခံသဘော (၆) - အရွယ်ရောက်သူတိုင်း မဲ တစ်ပြား ပေးခွင့်ရှိသည်။

ဒီမိုကရေစီစနစ်တစ်ခုတွင် မဲဆန္ဒဖြင့် ဆုံးဖြတ်ချက်ပေးရမည့် အကြောင်းအရာကို နားလည်သဘောပေါက်နိုင်သည့် အသက်အရွယ်ရောက်သူတိုင်း မဲပေးပိုင်ခွင့် ရှိသည်။
လူတစ်ယောက်သည် အရွယ်ရောက်လျှင် အတွေ့အကြုံ ရှိသောကြောင့် မဲပေးခွင့် ရှိသည်ဟု ပြောလေ့ရှိသည်။
အရွယ်ရောက်သူ အားလုံး မဲပေးခွင့်ရသင့်သည် ဟုထင်ပါသလား? စစ်တပ် နှင့် သဘောထားခြင်း မတိုက်ဆိုင်သူများရော မဲပေးခွင့် ရှိသင့်ပါသလား?
ဆင်းရဲသူများရော မဲပေးခွင့် ရှိသင့်ပါသလား? မသန်မစွမ်းသူများရော မဲပေးခွင့် ရှိသင့်ပါသလား?

ဒီမိုကရေစီစနစ်တစ်ခုတွင် အရွယ်ရောက်သူ တစ်ဦးသည် ကျန်းမာသည်ဖြစ်စေ၊ မကျန်းမာသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ စစ်တပ်နှင့်သဘော တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ အရွယ်ရောက်သူတိုင်း မဲတစ်ပြား ပေးခွင့်ရှိသည်။




"One vote for EACH person"

အထက်ပါပုံသည် ကျောင်းတွင်းရွေးကောက်ပွဲပုံ ဖြစ်ပါသည်။
ထို ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်နှင့်အညီ ကျင်းပခြင်းဖြစ်ပါသည်။
ဘီးတပ်ကုလားထိုင်နှင့် မိန်းကလေးလဲ မဲပေးခွင့်ရှိသည်။ အမဲရောင်မိန်းကလေးလဲ မဲပေးခွင့်ရှိသည်။ လူတိုင်း မဲတစ်ပြားပေးခွင့်ရှိသည်။ မည်သည့်လူမျိုးမဆို၊ မည့်သည့် ဘာသာကို ကိုးကွယ်သူမဆို မဲပေးပိုင်ခွင့်ရှိသည်။ ဒီမိုကရေစီစနစ်တစ်ခုတွင် မဲပေးခွင့် ရှိသူတိုင်း ညီတူညီမျှ အရေးကြီးသည် ဟု အထက်တွင်ပြောခဲ့သည် ကို သတိရပါ။
ဒီမိုကရေစီ စနစ် တစ်ခုတွင် မဲဆန္ဒရှင် တစ်ဦးသည် အခြားမဲဆန္ဒရှင် တစ်ဦးထက် ပို၍ ထူးခြားမှု မရှိပါ။ နေမင်းကြီး သည် လူတိုင်းကို ညီမျှသော အလင်းရောင် ကိုပေးသည်။
လူအများနှင့် ကွဲပြားခြားနား နေသောသူများ ပင်လျှင် မဲပေးခွင့် ရှိသည်။
အရွယ်ရောက်သူတိုင်း မဲ တစ်ပြား ပေးခွင့်ရှိသည်။

## *အခြေခံသဘော (၇) - မဲ အများစုရသူ အနိုင်ရသည်။*

စာသင်ခန်းတစ်ခုထဲ တွင် ကျောင်းသားအနည်းစုက တစ်တန်းလုံးကို ဘာလုပ်ကြဟု ပြောပါက ကျန်အများစုမှ ကြိုက်ကြပါမည်လား?
အကယ်၍ဆရာမှတတန်းလုံးကို ပုံပြင်နားထောင်မလား၊ တစ်ခုခုကစားမလားဟု မေးသည် ဆိုပါစို့။
ထိုအခါတွင် ကျောင်းသားအနည်းစုမှ သူတို့လိုရာရစေရန် တစ်တန်းလုံးကို လွှမ်းသွားအောင် အသံအကျယ်ကြီးဖြင့် အော်ကောင်းအော်မည်။

ကျောင်းသားအများစု၏ ဆန္ဒအတိုင်းလုပ်ခြင်းက ပို၍တရားမျှတမည် မဟုတ်ပါလား? ထိုကဲ့သို့တရားမျှတခြင်းသည်ပင်လျှင် ဒီမိုကရေစီနည်း ဖြစ်ပါသည်။ ဆရာမှ အတန်းသားများ၏ ဆန္ဒကိုရယူလျှင် ကျောင်းသားအများစုကြိုက်သောအရာက အနိုင်ရပေလိမ့်မည်။ အများစု၏ဆန္ဒမှ အနိုင်ရသည်။



"The majority rules"

အထက်ပါပုံတွင် ဘယ်သူတွေကအများစုဖြစ်ပါသလဲ?
ပြုံးနေသောမျက်နှာတွေက ပိုများသလား? မဲ့နေသောမျက်နှာတွေက ပိုများသလား?
တစ်နည်းပြောရလျှင် ဘယ်သူ့ရဲ့ မဲက အနိုင်ရပါသလဲ?
ပြုံးနေသော မျက်နှာဘယ်နှစ်ယောက်ရှိပါသလဲ? မဲ့နေသောမျက်နှာ ဘယ်နှစ်ယောက် ရှိပါသလဲ? မဲ့နေသောမျက်နှာက ပိုပြီးများသည်ဆိုလျှင်ရော?
ဒီမိုကရေစီ စနစ်တစ်ခုတွင် မဲ အများစုရသူမှသာ အနိုင်ရသည်။

## *အခြေခံသဘော (၈) - လူအများစု၏မဲဆန္ဒဖြင့် ပြဋ္ဌာန်းသည့် ဥပဒေ ကို မကြိုက် သော်လည်း လိုက်နာရမည်။*

အများစု၏မဲဆန္ဒဖြင့် အတည်ပြုထားသော ဥပဒေများကို လူတိုင်းမှ လိုက်နာကြရမည်။



"EVERYONE has to obey laws passed by majority vote"

မဲ့နေသောမျက်နှာဖြင့် လူနှစ်ဦးသည် ပြုံးနေသောမျက်နှာရှင် အများစုက အတည်ပြုထား သောဥပဒေကို လိုက်နာကြလိမ့်မည် ထင်ပါသလား?

တိုင်းသူပြည်သားအချို့ကသာ ဥပဒေကိုလေးစားလိုက်နာကြရမည်ဟု ဆိုလျှင် တရားမျှတမှုမရှိသည့် အပြင် ရုပ်ထွေး စရာလဲ ဖြစ်ပါသည်။
အကယ်၍တိုင်းသူပြည်သားအချို့က ဝင်ငွေခွန်ကဲ့သို့ ဥပဒေမျိုးကို လိုက်နာစရာမလိုခဲ့လျှင် ကျန်တိုင်းသူပြည်သားများသည် ဝင်ငွေခွန်ပိုဆောင်း၍ အစားထိုးပေးကြရပါလိမ့်မည်။ ထိုသို့အပိုဆောင်းပေးရခြင်းသည် မတရားမှုဖြစ်ပါသည်။ အကယ်၍ လူတစ်ယောက်ကသာ "ငါ့ကားကို လိုင်စင်မလုပ်ချင်လို့ လိုင်စင်မလုပ်ဘူးကွာ" ဆိုလျှင်ရော။
ထိုကဲ့သို့ ဆိုလျှင်တော့ ပြဿနာများ ဖြစ်လာနိုင်ပါသည်။ လူတစ်ယောက်က ဈေးဆိုင်တစ်ဆိုင်မှ ပိုက်ဆံများကို အလစ်သုတ်ပြီး လိုင်စင်နံပါတ်မရှိသောကားနှင့် ထွက်ပြေးကောင်းပြေးနိုင်သည်။ လိုင်စင်လုပ်မထားသောကားကို ရဲဌာနမှလည်း ရှာနိုင်မည်မဟုတ်ပါ။ ပြဿနာတွေအများကြီး ဖြစ်ပါသည်။
ထိုမှဆက်လျှင်ဥပဒေကို မည်သူတွေကလိုက်နာရမည် ၊ မည်သူတွေကလိုက်နာရန် မလိုဟု မည်ကဲ့သို့ ဆုံးဖြတ်ကြပါမည်နည်း?
ထိုကဲ့သို့သော မေးခွန်းအရှုပ်အထွေးများကို ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသား ဖြေရှင်းမှသာ ပို၍ကောင်းပါလိမ့်မည်။
ဒီမိုကရေစီ စနစ်တစ်ခုတွင် "လူတိုင်း" ဥပဒေကိုလိုက်နာကြရပါသည်။ လူအများစု၏ မဲဆန္ဒဖြင့် ဥပဒေတစ်ခုကို ပြဌာန်းထားခဲ့လျှင် ပြည်သူတိုင်းကလိုက်နာကြရပါမည်။
ထိုဥပဒေကို ဆန္ဒခံယူစဉ်က ကန့်ကွက်ခဲ့ကြသူများပင်လျှင် ထိုဥပဒေကို လိုက်နာရပါသည်။
ဒီမိုကရေစီစနစ်တစ်ခုတွင် ပြောလေ့ရှိသော စကားတစ်ခုမှာ "ဥပဒေ၏ အထက်တွင် မည်သူ မှမရှိ" ဟုဖြစ်ပါသည်။
ဥပဒေကို လိုက်နာစရာ မလိုဟု အထင်ရောက်နေသောသူကို တွေ့ဘူးပါသလား?
မိမိကိုယ်မိမိ ဥပဒေ၏ အထက်တွင်ရှိသည်ဟု ထင်နေသူမျိုးကိုရော တွေ့ဘူးပါသလား?
အကယ်၍လူအချို့ကို ဥပဒေမလိုက်နာခွင့်သာ ပေးခဲ့ပါလျှင် ဥပဒေကိုလိုက်နာရန် လိုသူများနှင့် ဥပဒေကိုလိုက်နာရန်မလိုသူများကို ခွဲခြားမှတ်သားထားရန် အလွန်ခက်ပါလိမ့်မည်။ ဥပဒေများသည် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ကောင်းကျိုးအတွက် ဖြစ်ပါသည်။
တိုင်းသူပြည်သားအများစုက ဥပဒေကိုလိုက်နာကြရမည်ဆိုလျှင် လူအနည်းစုကို ဥပဒေမှ ကင်းလွတ်ခွင့်ပြုခြင်းမှာ မတရားမှုဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ဥပဒေကို မကြိုက် သော်ငြားလည်း လိုက်နာရပါမည်။
ပုံတွင်ပါသည့်ဥပဒေကို ကြိုက်နှစ်သက်၍ပြုံးရွှင်နေသောသူ လေးယောက်သည်လဲ ဥပဒေကို လိုက်နာရပါမည်။ ဥပဒေကိုမကြိုက်၍ မဲ့နေသောသူ နှစ်ယောက်သည်လဲ ဥပဒေကို လိုက်နာရပါမည်။
ဒီမိုကရေစီ စနစ်တွင် လူတိုင်း ဥပဒေကို လိုက်နာကြရပါမည်။

## *အခြေခံသဘော (၉) - ပြည်သူများမှ ဥပဒေ ပြုသူများ နှင့် စီမံခန့်ခွဲသူ များကို ရွေးကောက်ပွဲ တွင် မဲပေး၍ရွေးချယ် သည်။*



"Lawmakers and managers are ELECTED by ALL of the people"

အထက်ပါပုံတွင် မဲပေးရန်အတွက် လူအများစုဝေးနေကြသည်ကို တွေ့ရပါမည်။ ထိုမဲဆန္ဒရှင်များသည် ဥပဒေပြုသူများနှင့် စီမံခန့်ခွဲသူများကို ရွေးချယ်တင်မြှောက်ရန်အတွက် မဲပေးကြပါလိမ့်မည်။ လူတိုင်းက သူတို့၏ ကိုယ်စားလှယ်လောင်း ရွေးချယ်ခံရလိမ့်မည်ဟု မျှော်လင့်ကြပါသည်။ ဥပဒေပြုသူများကလည်း လူထုကိုအကျိုးပြုမည့် ဥပဒေများကို ပြဌာန်းရပါမည်။ စီမံခန့်ခွဲသူများကလဲ ထိုဥပဒေများကို သုံး၍ နိုင်ငံကို စီမံခန့်ခွဲကြရပါမည်။ မြို့များတွင် မီးများလင်းအောင် ဆောင်ရွက်ပေးရပါမည်။ ကျေးရွာများတွင် လမ်းများဖောက်၍ လယ်သမားများ သီးနှံများကိုဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်ပေးရပါမည်။ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ချောမွေ့စွာ လည်ပါတ်နိုင်ရန်အတွက် စီမံခန့်ခွဲမှု အများကြီးလုပ်ရပါသည်။ ကျောင်းစာသင်ခန်း အဆောက်အဦများကို ပြုပြင်ထိန်းသိမ်း ရပါမည်။ ကျောင်းဆရာများကို လစာပေး၍ ခန့်ထားကြရပါသည်။

ဥပဒေပြုသူများနှင့် ဥပဒေကိုသုံး၍ နိုင်ငံ၏အဖွဲ့အစည်းကို စီမံခန့်ခွဲသူများဟူ၍ရှိပါသည်။ ထိုအလုပ်များသည် အလွန်အရေးကြီးသောအလုပ်များ ဖြစ်ပါသည်။ မည်သူတွေက ဥပဒေကို ချမှတ်ပြဌာန်း၍ မည်သူတွေကနိုင်ငံ၏ အဖွဲ့အစည်းများကို စီမံခန့်ခွဲပါမည်နည်း? ထိုဆုံးဖြတ်ချက်များကို ရွေးကောက်ပွဲတွင် ဆုံးဖြတ်ကြရပါမည်။

တစ်ချို့ကတော့ သူတို့၏မိတ်ဆွေများကို ဥပဒေပြုစေချင်၊ စီမံခန့်ခွဲစေချင် ကြပါလိမ့်မည်။ ထို့ကြောင့် သူတို့၏မိတ်ဆွေများကို သူတို့ကမဲပေးကြပါလိမ့်မည်။ သူတို့၏ မိတ်ဆွေများက သူတို့ကိုပို၍ အခွင့်အရေးပေးလိမ့်မည်ဟု ထင်ကြပါလိမ့်မည်။ တစ်ချို့ပြည်သူများကတော့ စစ်တပ်ကိုသဘောကျ၍ ထိုအရေးကြီးသောအလုပ်နှစ်မျိုးကို စစ်တပ်ကလုပ်စေရန် ဆန္ဒရှိပါလိမ့်မည်။ သို့သော်စစ်တပ်သည် ပြည်သူလူထုတစ်ရပ်လုံး အပေါ်တွင် တရားမျှတမှု ရှိချင်မှရှိပေလိမ့်မည်။

အခြားတစ်မျိုးအဖြစ် လယ်သမားများက ထိုအရေးကြီးသော အလုပ်များကိုလုပ်ပါလျှင် သူတို့က မြို့နေလူတန်းစားများအတွက် အကျိုးရှိစေမည့်ဥပဒေများကို မပြဌာန်းဘဲ လျစ်လျူရှုထားကောင်း ထားပါလိမ့်မည်။ နိုင်ငံတော်အစိုးရ၏ ရာထူးများအတွက် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက် ခံရခြင်းသည် အလွန်အရေးကြီးသော အချက်ဖြစ်ပါသည်။

ဒီမိုကရေစီ စနစ်တစ်ခုတွင် ရွေးကောက်ပွဲများသည် အလွန်ကြီးကျယ်သော ကိစ္စကြီး ဖြစ်ပါသည်။ ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူများ၏အသံကို ကြားရသော နေရာဖြစ် ပါသည်။

တရားမျှတစွာ ဆောင်ရွက်သည်ဆိုပါလျှင် မဲဆန္ဒရှင်များ "အားလုံး"က မဲပေး၍ မည်သူက ဥပဒေများကိုပြဋ္ဌာန်းမည်။ မည်သူက နိုင်ငံကိုအုပ်ချုပ်မည်တို့ကို ရွေးချယ်ရပါမည်။ မဲပေးမှုများအားလုံးပြီးဆုံးလျှင် ရွေးကောက်ပွဲတွင် မည်သူကအနိုင်ရသည်ကို သိရပါ လိမ့်မည်။ အများစု၏မဲဆန္ဒဖြင့် "မည်သူက ဥပဒေပြုသူအဖြစ် ရွေးချယ်ခံရသည်။ မည်သူက စီမံခန့်ခွဲသူ အဖြစ်ရွေးချယ်ခံရသည်" ကိုတွေ့ရပါမည်။ လူတိုင်းကတော့ ရွေးချယ်တင်မြှောက်ခံရသူ ကြေညာချက်ကို ဝမ်းသာစွာကြိုဆိုကြမည် မဟုတ်ပါ။ အချို့ကိုယ်စားလှယ်လောင်းများအနိုင်ရ၍ အချို့ကိုယ်စားလှယ်လောင်းများ ရှုံးကြ ပါလိမ့်မည်။ သို့သော် လူတိုင်းအတွက် သူတို့နှစ်သက်ရာကိုယ်စားလှယ်ကို မဲပေးဖို့ စည်းရုံးခွင့်၊ ပြည်သူလူထုကို စကားပြောခွင့် အခွင့်အရေး ရခဲ့ကြပြီး ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်တစ်ခုတွင် လူတိုင်း၌ မိမိနှစ်သက်ရာ ကိုယ်စားလှယ်ကို မဲပေးစေရန် အတွက် လူအများအားစည်းရုံးခွင့် တန်းတူညီမျှအခွင့်အရေးရှိပါသည်။

ထပ်၍ဆိုရပါလျှင် ဒီမိုကရေစီ စနစ်တွင် ဥပဒေ ပြုသူများ နှင့် စီမံခန့်ခွဲသူ များကို လူတိုင်းမှ မဲပေး၍ ရွေးချယ်ပိုင်ခွင့် ရှိပါသည်။ သေချာပါသည်။ မဲအများစုရသူကသာ အနိုင်ရစတမ်း ဖြစ်ပါသည်။

## *အခြေခံသဘော (၁၀) - ဥပဒေပြုသူများ နှင့် စီမံခန့်ခွဲသူများသည် ပြည်သူများကို ကိုယ်စားပြုသည်။ သူတို့ကိုယ်သူတို့ ကိုယ်စားမပြု။*

ဥပဒေပြုသူများနှင့် စီမံခန့်ခွဲသူများသည် ပြည်သူများကို အလေးထားသည်။ ပြည်သူများ၏ အသံကို ကြားချင်သည်။ အချို့စီမံခန့်ခွဲသူများနှင့် ဥပဒေပြုသူများသည် ပြည်သူများကို မကြိုက်ပါ။ ပြည်သူများသည် သူတို့၏နှလုံးသားထဲတွင် မရှိပါ။ သူတို့တစ်တွေသည် ကောက်ကျစ်သူများ၊ အတ္တကြီးသူများ ဖြစ်ကောင်း ဖြစ်ပါမည်။ သို့သော် ကိုယ်စားလှယ်ကောင်းများမှာတော့ သနားကြင်နာစိတ် ရှိကြပါသည်။

သူတို့၏ နှလုံးသားထဲတွင် ပြည်သူများရှိပါသည်။ သူတို့က ပြည်သူများကို စာရေး အသိပေး ဆက်သွယ် ဖို့ ၊ အီးမေး ဖြင့် ဆက်သွယ်ဖို့ ပန်ကြားပါမည်။ ပြည်သူအများ၏ လိုအပ်ချက်များကိုလဲ သူတို့သိချင်ကြပါသည်။ ပြည်သူများကို ဘယ်လိုကူညီရမလဲ ဆို တာ ကိုလဲ သူတို့သိချင်ကြပါသည်။

စီမံခန့်ခွဲသူဆိုးများ နှင့် ဥပဒေပြုသူဆိုး များအကြောင်း ကို ကြားဘူးကြပါလိမ့်မည်။ သူတို့တစ်တွေကတော့ ပြည်သူ့ဘဏ္ဍာငွေတွေ နှင့် တန်ဖိုးကြီးကားတွေ ဝယ်ပြီးစီးကြပါလိမ့်မည်။ ရောမကိုယ်ပိုင်အိမ်ကြီးတွေ ဆောက်၍နေကြပါလိမ့်မည်။

ထိုအချက်များက သူတို့သည်ပြည်သူအများကို ဂရုမစိုက်ကြောင်းပြပါသည်။ သူတို့တစ်တွေကို "စိတ်နလုံးကောင်း” မရှိသူများ ဟုခေါ်ပါသည်။ ဥပဒေပြုသူကောင်းများ၊ စီမံခန့်ခွဲသူကောင်းများကတော့ "စိတ်နလုံးကောင်း” ရှိသူများဟု ခေါ်ပါသည်။ ပြည်သူများ၏ အသံကို စီမံခန့်ခွဲသူကောင်းများ နှင့် ဥပဒေပြုသူကောင်းများ ကြားလျှင် ပြည်သူများ၏ ကလေးငယ်များအတွက် ကျောင်းကောင်းကောင်း လိုသည်ဟု သိပါသည်။ ပြည်သူပြည်သား မိသားစုများသည် ဆရာဝန်များနှင့် သူနာပြုများလိုအပ်ပါသည်။ လယ်သမားများကတော့ အထွက်တိုးသီးနှံများ စိုက်ပျိုးဖို့နှင့် သူတို့၏မွေးမြူထားသော တိရိစ္ဆာန်များ ကျန်းမာဖို့ အကူအညီများလိုအပ်ပါသည်။ လမ်းတွေဖောက်ဖို့၊ ဖောက်ထားတဲ့လမ်းတွေကို ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်ပါသည်။
ထိုလိုအပ်ချက်များအားလုံးသည် အရေးကြီးသောလိုအပ်ချက်များ ဖြစ်ပါသည်။ စီမံခန့်ခွဲသူဆိုးများနှင့် ဥပဒေပြုသူဆိုးများသည် ပြည်သူများ၏ လိုအပ်ချက်များကို ဂရုမစိုက်ကြပါ။ သူတို့၏ကောင်းစားရေးနှင့် သူတို့မိတ်ဆွေများ ကောင်းစားရေးသည်သာ အဓိက ဖြစ်ပါသည်။ ပြည်သူများ၏အသံကိုလဲ သူတို့မကြားချင်ကြပါ။ ထိုကဲ့သို့ပြုမူနေကြခြင်းသည် မှားယွင်းသောလုပ်ရပ်ဖြစ်ပါသည်။ သူတို့ကိုရွေးချယ် တင်မြှောက်ခဲ့ခြင်းမှာ သူတို့ကောင်းစားရေးအတွက် လုပ်ရန်မဟုတ်ပါ။ ပြည်သူလူထုကို အလုပ်အကျွေးပြုဖို့ ရွေးချယ်ခံခဲ့ရခြင်းဖြစ်ပါသည်။ ထိုအကြောင်းကြောင့် ပြည်သူအများ၏အသံကို ပြည်သူ့ကိုယ်စားလှယ်များက ကြားရပါမည်။ ထို့နောက် ပြည်သူလူထုအများစု၏ ဘဝ တိုးတက်ကောင်းမွန်စေမည့် နည်းနာများအတိုင်း ဥပဒေများ ကိုချမှတ်ရပါမည်။ စီမံခန့်ခွဲမှုများ ပြုလုပ်ရပါမည်။
ဒီမိုကရေစီ စနစ် တစ်ခု တွင် ဥပဒေပြုသူများ နှင့် စီမံခန့်ခွဲသူများသည် ပြည်သူများ၏ အသံကို ကြားချင်ကြပါ သည်။ သူတို့၌ "စိတ်နလုံးကောင်း” ရှိကြသည်။
သူတို့က ပြည်သူတွေကို ဂရုစိုက်သည်။

## ***အခြေခံသဘော (၁၁) - လူတိုင်းအတွက် အခြေခံအခွင့်အရေးများကို အာမခံချက် ရှိသည်။ လူအများစု၏ မဲဆန္ဒဖြင့် အခြေခံအခွင့်အရေး များကို ရုပ်သိမ်းခွင့်မရှိ။***

လူအများစုက မည်မျှ မဲများသည် ဖြစ်စေ၊ လူနဲစု မှ မည်မျှ မဲနဲ သည် ဖြစ်စေ လူအများစု၏ မဲဆန္ဒဖြင့် ထိုအခြေခံအခွင့်အရေး များကို ရုပ်သိမ်းခွင့်မရှိ။
အချို့သော အခြေခံအခွင့်အရေးများသည် ဒီမိုကရေစီစနစ်တစ်ခုတွင် အလွန်အရေးကြီး ပါသည်။ ထို့ကြောင့် ထိုအခွင့်အရေးများကို လူအများစု၏ မဲဆန္ဒဖြင့်ပင် ရုပ်သိမ်းခွင့်မရှိပါ။



meet in groups




vote



seek happiness




free speech

"Basic rights cannot be taken away."

ထိုအခြေခံ အခွင့်အရေးတစ်ချို့ကို အထက်ပါပုံ တွင် သရုပ်ဖော်ပြထားပါသည်။ လူစုလူဝေးဖြင့် စုစည်းခွင့်သည် အခြေခံအခွင့်အရေး တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံ အစိုးရက ထိုအခွင့်အရေးကို မကြိုက်လျှင်တောင်မှ ထိုအချက်သည် အခြေခံအခွင့်အရေး တစ်ခုဖြစ်ပါသည်။

နောက်အခွင့်အရေးတစ်ခု ကတော့ မဲဆန္ဒပေးပိုင်ခွင့်ဖြစ်ပါသည်။

နောက်တစ်ခုကတော့ ပျော်ရွှင်မှုကို ရှာဖွေပိုင်ခွင့် ဖြစ်ပါသည်။

နောက်အခွင့်အရေးတစ်ခုမှာ လွတ်လပ်စွာပြောဆိုခွင့် ဖြစ်ပါသည်။

လွတ်လပ်စွာ ပြောဆိုခွင့် ဆိုသည်မှာ သတင်းစာများမှ ရေးချင်ရာကို ရေးခွင့်ရှိခြင်း ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရကို ဝေဖန်သောစာများကိုလည်း သတင်းစာတွင်ရေးခွင့် ရှိရပါမည်။ ထိုအချက်သည်ပင် ဒီမိုကရေစီစနစ် ဖြစ်ပါသည်။

အကယ်၍ လူအများစုက ဆံပင်အနီရောင်ရှိသူများ မဲပေးခွင့်မရှိစေရဟု ဥပဒေပြဌာန်းသည် ဆိုပါစို့။ ထိုကဲ့သို့ ပိတ်ပင်ခြင်းကို ဒီမိုကရေစီစနစ်တွင် ခွင့်မပြုပါ။

မဲဆန္ဒပေးခြင်းသည် အခြေခံအခွင့်အရေး ဖြစ်သောကြောင့် လူအများစုမှ "ငါတို့က လူအများစု ဒါကြောင့် မျက်လုံးအပြာရောင်ရှိသူတွေ လူစုလူဝေး မလုပ်ရ" ဟု ပြောလာနိုင်ပါသည်။ သူတို့လူအများစုဖြစ်သည် ဆိုခြင်းမှာအမှန်တကယ်ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သို့သော် ဒီမိုကရေစီစနစ်တွင် အခြေခံအခွင့်အရေးများကို မဲဆန္ဒဖြင့် ရုပ်သိမ်းခြင်း မပြုနိုင်ပါ။ လူစုလူဝေးနှင့် စုဝေးခွင့်သည် အခြေခံအခွင့်အရေး တစ်ရပ်ဖြစ်ပါသည်။ ယေဘူယျအားဖြင့် လူအများစု၏မဲအများစုက အနိုင်ရပါသည်။ သို့သော်လည်း ပြည်သူများ၏ အခြေခံအခွင့်အရေးများကို မဲအများစုဖြင့်ပင်လျှင် ရုပ်သိမ်းခွင့် မရှိပါ။

## *အခြေခံသဘော (၁၂) - ဘာသာရေးမှ ဥပဒေကို မသတ်မှတ်နိုင်။ ပြည်သူများမှသာ ဥပဒေ ကိုသတ်မှတ်နိုင်သည်။*

ကိုးကွယ်ရာဘာသာများမှ ဥပဒေကိုပြဌာန်းခြင်းမပြု။ ပြည်သူများကသာ မဲဆန္ဒဖြင့် ဥပဒေ ကို ပြဌာန်း သည်။

ကမ္ဘာ့နိုင်ငံအချို့တွင် လူအများစုကိုးကွယ်ယုံကြည်ရာ ဘာသာရေးတစ်ခုမှ ဥပဒေများ ပြဋ္ဌာန်းခဲ့ကြ၍ နိုင်ငံသူ/သားများက ထိုဥပဒေကိုလိုက်နာခဲ့ကြရသည်။ ထိုနိုင်ငံများကို ဒီမိုကရေစီနိုင်ငံများဟု မခေါ်ခဲ့ကြပါ။
ထိုဘာသာရေးကို မကိုးကွယ်၊ မလိုက်စားသော လူများအတွက် ထိုဥပဒေများကို လိုက်နာရန် အလွန်ခက်ခဲကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးအများအပြားတွင် ထာဝရဘုရားသခင်က လူသားများကို မည်သို့နေထိုင်စေရန် အလိုတော်ရှိသည်ကို စိတ်ကူးများ အမျိုးမျိုးကွဲပြားကြပါသည်။ ထာဝရဘုရားသခင်က လူသားများဘာကိုလုပ်ဖို့ အလိုတော်ရှိသည်ဆိုကို သဘောမတူနိုင်ကြပါ။ လူအများစုက သူတို့၏ ဘုရားသခင်၏ အလိုတော်အပေါ်အမြင်သည်မှန်၍ အခြားသူများ၏ဘုရားသခင်၏ အလိုတော်အပေါ် အမြင်သည်မှားယွင်းသည်ဟု အကြိမ်ပေါင်းများစွာပင် သဘောထားကွဲလွဲခဲ့ကြပါသည်။
ဒီမိုကရေစီစနစ်တစ်ခုတွင် ပြည်သူများအတွက်ဥပဒေကို ကိုးကွယ်ရာဘာသာများမှ ပြဋ္ဌာန်းခွင့်မရှိပါ။ တစ်နိုင်ငံလုံး၏မဲဆန္ဒဖြင့်သာ ဆုံးဖြတ်ရပါမည်။ ထိုသို့ပြုလုပ်လျှင် မည်သည့်ဥပဒေကို ပြည်သူများလိုက်နာရမည်ဟု ကိုးကွယ်ရာဘာသာရေးမှ မပြောနိုင်တော့ပါ။ ဘာသာရေးတစ်ခုကို ယုံကြည်ကိုးကွယ်သူများသည် မိမိတို့၏ဆန္ဒအလျောက် မိမိတို့ဘာသာရေးကို ကိုးကွယ်ယုံကြည်နိုင်သော်လည်း အခြားသူများကိုပါ ထိုကဲ့သို့ ကျင့်ကြံရမည်ဟူ၍ အတင်းဓမ္မ ဥပဒေမပြုရပါ။ ပြည်သူအများသည် မိမိတို့ယုံကြည်ရာ ဘာသာကို ကိုးကွယ်နိုင်ပါသည်။ သို့သော်လည်း သူတို့၏ဘာသာကိုသုံး၍ အခြားသူများကို ထိန်းချုပ်ခြင်းမပြုရပါ။ ဒီမိုကရေစီစနစ် တစ်ခုတွင် ပြည်သူများမှသာ ဥပဒေကို ပြဋ္ဌာန်းပါသည်။ ဘာသာရေးမှ ဥပဒေကို မပြဋ္ဌာန်းပါ။

## ***အခြေခံသဘော (၁၃) - မိမိယုံကြည်ရာဘာသာကို ကိုးကွယ်ခွင့် အား ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် အာမခံချက် ပေးသည်။ ဥပဒေပြုသူများမှ မည်သည့်ဘာသာကို ပြည်သူများ ကိုးကွယ်ရမည်ဟုမသတ်မှတ်နိုင်စေရ။***

မည်သူကမျှ မည်သည့်ဘာသာကို ကိုးကွယ်ရမည်ဟု အမိန့်မပေးရပါ။
ဒီမိုကရေစီစနစ်တစ်ခုတွင် ကိုးကွယ်ယုံကြည်ရာ ဘာသာအမျိုးမျိုး ရှိနိုင်ပါသည်။
အဘယ်ကြောင့်နည်း?
အဘယ်ကြောင့်ဆိုသော် လူတိုင်းလူတိုင်း မိမိယုံကြည်ရာကို ကိုးကွယ်ခွင့်ရှိသောကြောင့် ဖြစ်ပါသည်။ ပြည်သူအများသည် ကွဲပြားသောဘာသာရေး အမျိုးမျိုးကို ကိုးကွယ်ချင်ကြ ပါသည်။ ပြည်သူအများသည် မိမိယုံကြည်ရာ ဘာသာရေးကို စိတ်အားထက်သန် ပြင်းပြ စွာ ကိုးကွယ်တတ်ကြပါသည်။ လူအချို့ကဘာသာရေး အဆုံးအမများဖြင့် ဆုံးမသော ဘာသာရေးကို ကိုးကွယ်ချင်ကြ သည်။ အချို့ကတော့ ဆုတွေအများကြီးတောင်းရသော

ဘာသာကို ကိုးကွယ်ချင် ကြ သည်။ အချို့ကတော့ ကိုးကွယ်သူများ ၏ အကျိုးကို ဆောင်ရွက်ပေးနိုင်သော ဘာသာကို ကိုးကွယ်ချင်ကြသည်။

ကိုးကွယ်စရာ ဘာသာအမျိုးမျိုး ရှိပါသည်။ တစ်ခါတစ်ရံတွင် ဘာသာရေးတစ်မျိုးက အခြားဘာသာရေးများထက် ပို၍ ကိုးကွယ်သူများပြားတတ်သည်။ သို့သော် ဒီမိုကရေစီစနစ်တစ်ခုတွင် ဥပဒေပြုသူများသည် ထိုဘာသာကို (သို့မဟုတ်) အခြားဘာသာတစ်ခုခု ကိုတစ်နိုင်ငံလုံးမှ ကိုးကွယ်ရမည်ဟူ၍ မပြဋ္ဌာန်းနိုင်ပါ။

လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်သည် ဒီမိုကရေစီစနစ်တွင် အလွန်အရေးကြီးပါသည်။ ထိုအချက်သည် ပြည်သူများအတွက် အခြားသူများကို မထိခိုက်သမျှ မိမိ၏ဘ၀ကို လွတ်လပ်စွာနေထိုင်ခွင့်၊ လွတ်လပ်စွာရွေးချယ်ခွင့်ပင် ဖြစ်ပါသည်။ အချို့ပြည်သူများသည် ဘယ်ဘာသာကိုမှ မယုံကြည် မကိုးကွယ်ဘဲနေတတ်ပါသည်။ ထိုသူများကို နိုင်ငံတော်မှ ဘာသာတစ်ရပ်ရပ်ကို ကိုးကွယ်ရမည်ဟု ဆိုကာ တစ်ခုခုကို အတင်းအဓမ္မ ယုံကြည်ခိုင်း၍ မရပါ။ ဒီမိုကရေစီ စနစ်တွင် ပြည်သူအများမှ မိမိယုံကြည်ကိုးကွယ်ရာ ဘာသာကို လွတ်လပ်စွာရွေးချယ်၍ လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့် ရှိသည်။

## *အခြေခံသဘော (၁၄) - ရွေးချယ်တင်မြှောက်ခံထားရသည့် ဥပဒေ ပြုသူများ နှင့် စီမံခန့်ခွဲသူများ မှ စစ်တပ် ကို လမ်းညွှန်မှု ပေးသည်။*

ပြည်သူအများကသာ ခေါင်းဆောင်မှုပြုသည်။ စစ်တပ်ကခေါင်းဆောင်ခြင်းမပြု။

စစ်အရာရှိများသည် ပြည်သူအများကို ကြောက်လန့်ချောက်ခြားအောင် လုပ်နိုင်စွမ်းရှိပါသည်။ သူတို့သည် စစ်တပ်ခေါင်းဆောင်များ ဖြစ်သည်ဆိုသော အချက်ကပင် ကြောက်စရာဖြစ်ပါသည်။ စစ်တပ်မှာ သေနတ်တွေ အများကြီးရှိသည်။ စစ်တပ်သည် ပြည်သူတွေကို ဖိအားပေး၍ စေခိုင်းနိုင်သည်။ ထို့ကြောင့်ပင်လျှင် အချို့နိုင်ငံများတွင် စစ်တပ်က ခေါင်းဆောင်နေခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ ခေါင်းဆောင်နေရာကို ယူထားခြင်းသည် မှားပါသည်။ ဒီမိုကရေစီစနစ်တစ်ခုတွင် စစ်တပ်မှ ခေါင်းဆောင်မှု မပြုပါ။ သာမာန်ပြည်သူများကသာ ခေါင်းဆောင်ပါသည်။ သာမာန်ပြည်သူများကစစ်တပ်ကို ဘာလုပ်ရမည်ဟုပြောပါသည်။ စစ်တပ်သည် ပြည်သူတို့၏ အလိုဆန္ဒကို ဖြည့်စည်းပေးရန်အတွက် တည်ရှိနေရခြင်း ဖြစ်ပါသည်။ စစ်တပ်မှအုပ်စိုးသောအခါတွင် အကြောက်တရားဖြင့် အုပ်ချုပ်ရပါသည်။ အကြောက်တရားဖြင့်အုပ်ချုပ်ခြင်းသည် မကောင်းပါ။ ပြည်သူလူထု၌ မိမိတို့အလိုရှိသလို နေထိုင်ခွင့်၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့် ရှိရပါမည်။ စစ်တပ်ကိုကြောက်သော အကြောက်တရားဖြင့် ရှင်သန်နေရခြင်းမျိုး မဖြစ်သင့်ပါ။

ဒီမိုကရေစီစနစ်တစ်ခုတွင် ဥပဒေပြုသူများနှင့် စီမံခန့်ခွဲသူများက ခေါင်းဆောင်ပါသည်။ ပြည်သူများမှ ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်များမှ ခေါင်းဆောင်ခြင်း ဖြစ်ပါသည်။
ဒီမိုကရေစီစနစ်တစ်ခုတွင် စစ်တပ်သည် ပြည်သူ့ကိုယ်စားလှယ်များ၏ အမိန့်ကို လိုက်နာပါသည်။

## *အခြေခံသဘော (၁၅) - ရွေးချယ်ခံထားရသည့် ဥပဒေပြုသူများမှအပ အခြားမည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကမျှ ဥပဒေ မပြဋ္ဌာန်းနိုင်စေရ။*

ရွေးကောက်တင်မြှောက်ခံထားရသော ဥပဒေပြုသူများမှ ပြည်သူများ၏အကျိုးကို ဆောင်ရွက်ပေးသည်။
ဒီမိုကရေစီ စနစ်တစ်ခုတွင် ပြည်သူအများစုကသာ အဓိကဖြစ်ပါသည်။ အဆုံးအဖြတ်ပေးပါသည်။ ပြည်သူ့ကိုယ်စားလှယ်များကသာ ဥပဒေများကို ပြဋ္ဌာန်းပါသည်။ စစ်တပ်မှ ဥပဒေမထုတ်ပါ။ ဘုရားကျောင်းမှ ဥပဒေမထုတ်ပါ။ ချမ်းသာကြွယ်ဝသူများမှ ဥပဒေ မပြဋ္ဌာန်းပါ။ ပြည်သူလူထုမှ မဲဆန္ဒပေး၍ ဥပဒေပြုသူများနှင့် စီမံခန့်ခွဲသူများကို ရွေးချယ်ပါသည်။ နိုင်ငံတော်၏ နေ့တဒူဝ လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲသူများက စီမံပါသည်။ ဥပဒေပြုသူများက လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းပေးပါသည်။ ဥပဒေပြုသူများကသာ ဥပဒေပြဋ္ဌာန်းခြင်း အလုပ်ကို လုပ်နိုင်ပါသည်။ သူတို့သည်သာလျှင် ဥပဒေကို ပြဋ္ဌာန်းရန်အတွက် ပြည်သူအများမှ ရွေးချယ်တင်မြှောက်ခြင်း ခံထားရသည့် ကိုယ်စားလှယ်များ ဖြစ်ပါသည်။ လူထုမှ ရွေးချယ်ခြင်းခံထားရသူများ ဖြစ်ပါသည်။ ပြည်သူအများက သူတို့၏အာဏာကို ဥပဒေပြုသူများ၏လက်ဝယ်သို့ ဥပဒေပြုရန် ကိစ္စအတွက် အပ်နှင်းထားသည်ဟု အဓိပ္ပါယ်ဖွင့်ပါသည်။ ဥပဒေပြုသူများသည် သူတို့၏ လုပ်ပိုင်ခွင့်အာဏာကို ပြည်သူများထံမှရသည် ဆိုသောအချက်သည် ထင်ရှားပါသည်။ ဘုရားကျောင်းကို ပြည်သူတို့က ရွေးချယ်တင်မြှောက်ခြင်း မပြုခဲ့ကြပါ။ စစ်တပ်ကို ပြည်သူတို့က ရွေးချယ်တင်မြှောက်ခြင်း မပြုခဲ့ကြပါ။ ချမ်းသာကြွယ်ဝသူများကို ပြည်သူတို့က ရွေးချယ်တင်မြှောက်ခြင်း မပြုခဲ့ကြပါ။ထို့ကြောင့်ပင် သူတို့၌ ဥပဒေပြဋ္ဌာန်းခွင့်မရှိပါ။ ပြည်သူများကသာလျှင် ရွေးချယ်တင်မြှောက်ခံကိုယ်စားလှယ်များမှတစ်ဆင့် သူတို့လိုက်နာရမည့် ဥပဒေများကို ပြဋ္ဌာန်းပါသည်။ ထိုအချက်သည် ဒီမိုကရေစီစနစ် အလုပ်လုပ်ပုံ ဖြစ်ပါသည်။ ပြည်သူအများလိုက်နာရမည့် ဥပဒေများကို ပြည်သူများကသာ ပြဋ္ဌာန်းပါသည်။

## *အခြေခံသဘော (၁၆) - ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများကို မဆန့်ကျင်ပါက ပုဂ္ဂလိကအဖွဲ့အစည်း များသည် အထူးလုပ်ဆောင် ပိုင်ခွင့်များ ရရှိနိုင်သည်။*

ပုဂ္ဂလိကအဖွဲ့အစည်းများသည် ဥပဒေနှင့်မဆန့်ကျင်ပါက လုပ်ပိုင်ခွင့်များရှိနိုင်သည်။ မိန်းကလေးတစ်ယောက်သည် သူ့အသင်း၏ အထူးဝတ်စုံကို ဝတ်ဆင်ထားသည်။ ကခြေသည်မိန်းကလေးကလည်း သူတို့အကအဖွဲ့၏ အဖွဲ့ဝင်များသာဝတ်ရသော ဝတ်စုံကို ဝတ်ဆင်ထားသည်။ ဝတ်စုံဝတ်ဆင်ခွင့်သည်သူတို့၏ အထူးလုပ်ပိုင်ခွင့် အခွင့်အရေးဖြစ်သည်။ သံချပ်အသင်းဝင်များ၌လည်း အထူးအခွင့်အရေး ရနိုင်သည်။ သံချပ်အသင်းဝင်မိန်းကလေးနှင့် အခြားအဖွဲ့ဝင်များသည် သံချပ်တိုင်ယိမ်းကစဉ်တွင် သီးသန့်ဝတ်စုံများဝတ်ဆင်၍ အမြဲတမ်းဆင်နွှဲကြသည်။ ထို အထူးအခွင့်အရေး များ သည် ဥပဒေကို မချိုးဖောက်ပါ။

ငါးဖမ်းသူများဖွဲ့စည်းထားသော အဖွဲ့တစ်ဖွဲ့တွင် သူတို့သုံးနေကျ အထူးလုပ်ရပ်တစ်ခု ရှိခဲ့သည်။ သူတို့နှင့် ရုပ်ခြင်း၊ အသားအရောင်ခြင်း တူသူများက သူတို့ငါးများရာ နေရာကိုလာပြီးငါးမျှားလျှင် ခွင့်ပြုခဲ့ကြသည်။ သူတို့နှင့် အသားမရောင်မတူ၊ ဘာသာစကား မတူသူများ ငါးလာမျှားလျှင်တော့ ထိုအဖွဲ့ က ဒေါသပုန်ထကြတော့သည်။ ထိုအဖွဲ့က သူတို့နှင့်အသားမရောင်မတူသူ ငါးမျှားသူများကို နောက်ယှက်ရန် စီမံခဲ့ကြသည်။ ထိုသူများ၏လှေများ ဖျက်စီးခံခဲ့ကြရသည်။ လူကိုရန်ပြုခဲ့ကြသည်။ ထိုကဲ့သို့ မကောင်းမှုများပြုခြင်းသည်ပင်လျှင် သူတို့အဖွဲ့၏ ထူးထူးခြားခြား လုပ်ရပ်ဖြစ်သည်။ သူတို့အဖွဲ့၏ထူးခြားမှုက "လူမျိုးတစ်မျိုးတည်းသာ ဤနေရာတွင် ငါးမျှားရမည်" ဟူ၍ ဖြစ်သည်။ ထို ထူးခြားစွာလုပ်ဆောင်မှုက တရားဥပဒေကို ချိုးဖောက်သည်ဟု ထင်ပါသလား?

နောက်ထူးဆန်းသော အဖွဲ့တစ်ဖွဲ့အကြောင်း ပြောစရာရှိပါသည်။ ထိုအဖွဲ့မှ လူအများစုသည် ရပ်ဝေးမြေခြားမှ လာသော တောင်ပေါ်သားများဖြစ်ကြသည်။ ထို့ကြောင့် ထိုအဖွဲ့မှ လူအများ သည် ဝေးလံသီခေါင်သောတောင်ပေါ်မြေ ဇာတိသားတိုင်း အပြာရောင်နှင်းပွင့်လေး တစ်ပွင့်ကို သူတို့၏အင်္ကျီ (သို့မဟုတ်) အပေါ်အင်္ကျီပေါ်တွင်ဝတ်ဆင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုကဲ့သို့ဝတ်ဆင်ခြင်းဖြင့် ဇာတိသားအချင်းချင်း အလွယ်တကူ တွေ့ရှိနိုင်သည်။ အကူအညီလိုသူကိုလည်း လိုသလိုကူညီပေးနိုင်သည်။ သူတို့အဖွဲ့၏ ထူးခြားသောလုပ်ဆောင်ချက်ကတော့ "အပြာရောင်နှင်းပွင့် ဆင်မြန်းထားသောတို့တစ်တွေ သည် မိသားစု သဖွယ် ဖြစ်သည်" ဟူ၍ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် ထိုအဖွဲ့အစည်း နှစ်ခုအနက်မှ တစ်ဖွဲ့ကတရားဝင်၍ ကျန်တစ်ဖွဲ့က တရားမဝင်ပါ။

မည်သည့်အဖွဲ့က ဒီမိုကရေစီစနစ်နှင့် ကိုက်ညီ၍ မည်သည့်အဖွဲ့က ဒီမိုကရေစီစနစ်နှင့် မကိုက်ညီ ဟု ပြောနိုင်ပါသလား?

အဖွဲ့တစ်ဖွဲ့ က တရားဥပဒေချိုးဖောက်နေသည်ဟု ထင်ပါသလား?
မည်သည့် အဖွဲ့၏ ထူးခြားစွာ လုပ်ဆောင်ချက်ကို ကြိုက်နှစ်သက်ပါသလဲ?

## *အခြေခံသဘော (၁၇) - နိုင်ငံတော် အတွက် လုပ်ငန်းများလုပ်ဆောင်ရန်နှင့် ဆုံးဖြတ်ချက်များချရန် စီမံခန့်ခွဲသူများကို ရွေးချယ်တင်မြှောက်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်ဆောင်ရမည်။ ထိုသို့ လုပ်ဆောင်ခြင်းရှိ/မရှိ တရားသူကြီးများမှ ကြီးကြပ် ရမည်။*

စီမံခန့်ခွဲသူများမှ နိုင်ငံတော်၏အဖွဲ့အစည်းများကို စီမံခန့်ခွဲရာတွင် ဥပဒေနှင့်ကိုက်ညီမှု ရှိမရှိ ကို တရားသူကြီးများက ဆုံးဖြတ်ပေးရမည်။ အဖွဲ့အစည်းများ ချောမွေ့စွာ အလုပ်လုပ်နိုင်ရန် ဥပဒေများကို ပြဋ္ဌာန်းပေးရမည်။ စီမံခန့်ခွဲသူများမှ နေ့တစ်ဒူဝ ကိစ္စများကို ကြီးကြပ်ပေးရမည်။ ထိုကဲ့သို့ စီမံခန့်ခွဲရန်အတွက် စီမံခန့်ခွဲသူများ ကို ရွေးချယ်တင်မြှောက် ထားခြင်းဖြစ်သည်။ ထို့သို့စီမံ လုပ်ဆောင်ရာတွင် ဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်သည်။ သူတို့၏အလုပ်များထဲမှ တစ်ခုမှာ အလုပ်ရွေးချယ် ခန့်ထားရေး ဖြစ်သည်။ အလုပ်လျှောက်ထားရာတွင် မည်သည့်အသားအရောင် ရှိသူကိုမဆို အခွင့်အရေး ညီတူညီမျှဖြစ်ရမည်ဟု ဥပဒေကဆိုသည်။ စီမံခန့်ခွဲသူများမှ ထို ဥပဒေပါအတိုင်း အလုပ်လျှောက်ထားခွင့်ကို အသားအရောင်မခွဲခြားဘဲ လူတိုင်းကို ခွင့်ပြုရမည် ဖြစ်သည်။ အကယ်၍ စီမံခန့်ခွဲသူများက ဥပဒေကိုမလိုက်နာလျှင် တရား ရုံးတော်သို့ ခေါ်ယူ၍ တရားသူကြီးများမှ ဥပဒေအတိုင်း လိုက်နာလုပ်ဆောင် စေရမည် ဖြစ်သည်။

ပြည်သူများက မဲဆန္ဒပေး၍အတည်ပြုထားသော ဥပဒေကိုလိုက်နာကြရန် စောင့်ကြည့် ကြပ်မတ်ရမည်မှာ တရားသူကြီးများ၏ အလုပ်ဖြစ်သည်။ နိုင်ငံတော်၏ ဘဏ္ဍာငွေကို မည်ကဲ့သို့အသုံးပြုရမည်ဟု ပြဋ္ဌာန်းထားသော ဥပဒေများစွာရှိပါသည်။ ဘဏ္ဍာငွေ အသုံးစာရင်းများကို မည်သို့ပြုစု၍ ထိန်းသိမ်းထားရမည်ကို ဖော်ပြထားသောဥပဒေ များစွာလဲ ရှိပါသည်။ ထိုကဲ့သို့ ဥပဒေများထားရှိရခြင်းမှာ အများပြည်သူများက ဘဏ္ဍာငွေ စာရင်းများကို ကြည့်ရှု၍စီမံခန့်ခွဲသူများ၏ ရိုးသားဖြောင့်မတ်မှုကို ကြပ်မတ်ရန် ဖြစ်ပါသည်။ စီမံခန့်ခွဲသူများသည် အလုပ်လုပ်ရာတွင်၊ စီမံရာတွင် သူတို့ကြိုက်သလို လုပ်ပိုင်ခွင့် မရှိပါ။

ဒီမိုကရေစီစနစ်တွင် စီမံခန့်ခွဲသူများသည် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည် ဖြစ်ပါ သည်။ စီမံခန့်ခွဲသူများမှ ဆုံးဖြတ်ချက်ကောင်းများမချလျှင် သူတို့ကိုထပ်မံ၍ ရွေးချယ်ခြင်းခံရဖို့ မသေချာပါ။

## *အခြေခံသဘော (၁၈) - နိုင်ငံရေးပါတီများမှ ကွဲပြားခြားနားသော နိုင်ငံရေးရှုထောင့်များကို ကိုယ်စားပြုသည်။ ပြည်သူများသည် မိမိ ကြိုက်နှစ်သက်ရာ နိုင်ငံရေးပါတီ ကို ထောက်ခံနိုင်သည်။*

ဒီမိုကရေစီစနစ် အသက်ဝင်ရေးအတွက် နိုင်ငံရေးပါတီများသည် အလွန်အရေးပါသည်။ သာမာန်ပြည်သူများသည် နိုင်ငံရေးပါတီများတွင် တက်ကြွစွာလှုပ်ရှားကြပါသည်။ မည်သည့်ဥပဒေများကို ပြဌာန်းရမည်ဆိုရာတွင် အမြင်ရှုဒေါင့်မြောက်များစွာ ရှိနိုင်ပါသည်။ ထို့အပြင် လူ့အဖွဲ့အစည်းတွင် အစိုးရမှ မည်သည့်အတိုင်းအတာအထိ အသေးစိတ် ပါဝင်ပါတ်သက်သင့်သည်ကို ပြည်သူအများမှ သဘောထားကွဲလွဲလေ့ရှိပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် မည်ကဲ့သို့ဆက်ဆံသင့်သည်ကိုလဲ ပြည်သူများမှ အမြင်အမျိုးမျိုး ရှိတတ်ကြပါသည်။ ထိုကဲ့သို့သော ပြည်သူများ၏ ထင်မြင်ချက်ပေါင်းစုံကို အလေးထား၍ နားထောင်သင့်ပါသည်။

ဒီမိုကရေစီစနစ်တစ်ခုတွင် ထိုထင်မြင်ချက်ပေါင်းစုံကို နိုင်ငံရေးပါတီမျိုးစုံဖြင့် ထင်ဟပ်ကြပါသည်။ နိုင်ငံရေးပါတီတစ်ခုက ရှုထောင့်တစ်ခုမှ အကြံများရှိမည်။ နောက် ပါတီတစ်ခု က ကွဲပြားခြားနားသောရှုထောင့်မှ အကြံများရှိပါမည်။ ထိုနည်းဖြင့် ထင်ရှားသော၊ လူသိ များသော အကြံများအားလုံးကို နိုင်ငံရေးပါတီများမှတဆင့် ပြည်သူများက ရှုထောင့်စုံမှ ကြားသိနိုင်ပါသည်။ နိုင်ငံရေးပါတီဝင် ပြည်သူများသည် မိမိတို့နိုင်ငံရေးပါတီ၏ အသံကို အခြားပြည်သူများ ကြားသိနိုင်အောင် အထူးကြိုးစား၍တင်ပြကြရပါသည်။ နိုင်ငံရေးပါတီများသည် ဆိုင်းဘုတ်များ ထောင်ခြင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများပေါ်မှ ကြော်ငြာခြင်း ၊ သတင်းစာများထဲတွင် ကြော်ငြာခြင်းများ ပြုလုပ်ကြပါသည်။ အိမ်နီးချင်း များနှင့်မိတ်ဆွေများကို စကားပြောကြရပါသည်။ ပါတီအတွက်ရံပုံငွေ ရှာကြရပါသည်။ သူတို့ပါတီ၏ အကြံအစည်မူဝါဒများကို ဖြန့်ဝေပေးချင်ကြပါသည်။ သူတို့ပါတီ၏ မူဝါဒ များသည် မူဝါဒကောင်းများဖြစ်သည်ဟု လိုအပ်သောပြည်သူအရေအတွက်ကို လုံလောက်အောင် အောင်မြင်စွာစည်းရုံးနိုင်မည်ဆိုလျှင်တော့ ထိုမူဝါဒများသည် ဥပဒေ ဖြစ်လာပါလိမ့်မည်။

Images by - Mark Hicks - DiscoverySchool.com